Western Health

# အချက်အလက်ကောက်ခံခြင်းဆိုင်ရာ ထုတ်ပြန်ချက်စာတမ်း

**အနောက်ပိုင်း ကျန်းမာရေးဌာန (Western Health) သည် ကျန်းမာရေးစောင့်ရှောက်ပေးသည့်ဝန်ဆောင်မှုများ (ဆေးရုံ၊ ရောဂါရှာဖွေမှုနှင့် ကုသမှု၊ အပြင်လူနာဌာနနှင့် သက်ကြီးဂေဟာ စောင့်ရှောက်ရေး ဝန်ဆောင်မှုများ အပါအဝင်) လုပ်ဆောင်ရန်၊ ဆေးဘက်ဆိုင်ရာ အစမ်း စစ်ဆေးစမ်းသပ်မှုများနှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန်၊ ဝန်ထမ်း ခန့်အပ်လေ့ကျင့်ရေး လုပ်ဆောင်ရန်တို့အတွက် ကျွန်ုပ်တို့သည် လူနာများ၊ ဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ သို့မဟုတ် ကျန်းမာရေး အချက်အလက်များ (CCTV ရိုက်ကူးချက်များ အပါအဝင်) ကို ကောက်ခံရန် လိုအပ်ပါသည်။**

သင်၏ အချက်အလက်များကို ပေးခြင်းအားဖြင့်  ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်ရှိ ဤထုတ်ပြန်ချက်စာတမ်းနှင့်တကွ ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားရှိရေးမူဝါဒတို့နှင့်အညီ အချက်အလက်များကို အနောက်ပိုင်း ကျန်းမာရေးဌာန (Western Health) မှ ကောက်ခံခြင်း၊ သိမ်းဆည်းခြင်း၊ အသုံးပြုခြင်းအပြင် ထုတ်ဖော်ပေးခြင်းတို့ကို ပြုလုပ်ရန် သင် သဘောတူ ရာရောက်သည်။

ကျွန်ုပ်တို့အနေဖြင့် သင်၏ အချက်အလက်များကို ကျွန်ုပ်တို့၏ ဝန်ဆောင်မှုဌာနများ၊ ကုသပေးသည့် ကျန်းမာရေးပညာရှင်များနှင့် အစိုးရ အေဂျင်စီရုံးများကဲ့သို့သော တတိယပုဂ္ဂိုလ်၊ ပြင်ပဌာနများထံမှလည်း ကောက်ယူနိုင်သည်။

အကယ်၍ သင့်အချက်အလက်များကို ကျွန်ုပ်တို့အား မပေးပါက၊ ကျွန်ုပ်တို့အနေဖြင့် သင် တောင်းဆိုသော ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးနိုင်မည် မဟုတ်ပါ၊ သင့်အား အလုပ်ခန့်နိုင်မည် မဟုတ်ပါ သို့မဟုတ် သင်နှင့်အတူ လုပ်ကိုင်နိုင်မည် မဟုတ်ပါ သို့မဟုတ် ဆက်ဆံဆောင်ရွက်နိုင်မည် မဟုတ်ပါ။

အကယ်၍ သင်သည် လူနာ တစ်ဦးဖြစ်ပါက၊ သင့်အချက်အလက်များကို ကုသပေးသည့် ကျန်းမာရေးပညာရှင်များ၊ အရေးပေါ် ဆက်သွယ်ရမည့်သူ/နီးစပ်ရာဆွေမျိုး၊ သင့်ဝန်ဆောင်မှုအတွက် ငွေကြေးပံ့ပိုးသည့် (TAC သို့မဟုတ် WorkCover စသော) အဖွဲ့အစည်းများနှင့် မက်ဒီကဲ ကဲ့သို့ အစိုးရဌာနများအပါအဝင် ပြင်ပဌာနများထံသို့ ထုတ်ဖော်ပေးနိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် သီးခြား ရောဂါများရှိသည့် လူနာများနှင့် ပတ်သက်၍ အချို့အချက်အလက်များကို ဥပဒေအရ ထုတ်ဖော်ပေးရမည်ဟု ပြဋ္ဌာန်းထားသည့်ကိစ္စ၌လည်း ကျွန်ုပ်တို့မှ ဗစ်တိုးရီးယားပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုအစိုးရ၊ ၎င်းတို့၏ဌာနများ သို့မဟုတ် အေဂျင်စီရုံးများနှင့် ကျန်းမာရေး သို့မဟုတ် ရောဂါမှတ်ပုံတင် ထိန်းသိမ်းရသည့် အဖွဲ့အစည်းများသို့ ထုတ်ဖော်ပေးရပါမည်။

ကျွန်ုပ်တို့အနေဖြင့် သင့် အချက်အလက်များကို ကျွန်ုပ်တို့အား သို့မဟုတ် ကျွန်ုပ်တို့မှတစ်ဆင့် သင့်အား ကုန်ပစ္စည်းများ ပေးသွင်းသည့် သို့မဟုတ် ဝန်ဆောင်မှုများ လုပ်ဆောင်ပေးသည့် တတိယပုဂ္ဂိုလ်  ပြင်ပဌာနများထံသို့ ကျွန်ုပ်တို့၏ ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားရှိရေးမူဝါဒနှင့်အညီ ထုတ်ဖော်ပေးနိုင်သည်။ ကျွန်ုပ်တို့သည် သင့်အချက်အလက်များကို ဗစ်တိုးရီးယားပြည်နယ် ပြင်ပ နှင့်/သို့မဟုတ် နိုင်ငံခြားသို့ ထုတ်ဖော်ပေးနိုင်သည်။ သင် သဘောတူညီခွင့်ပြုသည့်ကိစ္စ၌ အနောက်ပိုင်းကျန်းမာရေးဌာနနှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းပေးရန် သင့်အား ကျွန်ုပ်တို့ ဆက်သွယ်နိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် ရန်ပုံငွေရှာဖွေရေး ကိစ္စများအတွက် အနောက်ပိုင်းကျန်းမာရေးဖောင်ဒေးရှင်းသို့ ကန့်သတ်ထားသော အချက်အလက်အချို့ကို သင်က မပေးကမ်းရဟု ပြောဆိုထားသည်မှလွဲ၍ ပေးကမ်းနိုင်သည်။

အကယ်၍ သင် ကျွန်ုပ်တို့၏ ဆက်သွယ်ခြင်းကို မလိုလားတော့ပါက၊ ကျွန်ုပ်တို့၏ ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားရှိရေးမူဝါဒနှင့်အညီ အချိန်မရွေး ရပ်ဆိုင်းလိုက်နိုင်သည်။ ကျွန်ုပ်တို့၏ ကိုယ်ရေးအချက်အလက် လျှို့ဝှက်ထားရှိရေးမူဝါဒတွင် သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်ကို ကျွန်ုပ်တို့ ကိုင်တွယ်ပုံအကြောင်း၊ အချက်အလက်ရယူရေးနှင့်ပတ်သက်သည့် သင့်အခွင့်အရေးများအကြောင်းနှင့် ကျွန်ုပ်တို့အား ဆက်သွယ်ပုံ အကြောင်း ပိုမို ပါရှိပါသည်။